# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 16 , 2023 Volume 67, Number 12

၁၆.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၉.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၄၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၅.၀၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့၌ ကျင်းပသည့် BIMSTEC Business Conclave ပိတ်ပွဲအခမ်းအနားသို့တက်ရောက်၍ ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြား




အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့၌ ကျင်းပပြုလုပ်နေသည့် BIMSTEC Business Conclave တွင် ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်နေသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဒေသစံတော်ချိန် ၁၂:၃၀ နာရီ မှ ၁၄:၀၀ နာရီအထိ Hytta Regency Kolkata Hotel၊ Ballroom ခန်းမ (၁)တွင် ကျင်းပပြုလုပ်သည့် ဘင်းမ်စတက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု Valedictory Session (ပိတ်ပွဲအခမ်းအနား) သို့ တက်ရောက်၍ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး (Minister of State) H.E Dr. Rajkumar Ranjan Singh၊ ဘင်းစတက်နိုင်ငံများ၏အတွင်းရေးမှူးချုပ် H.E Mr. Tenzin Lekphell ၊ အိန္ဒိယနိုင်ငံကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Mehul Mohanka နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင် အပါအဝင် ဘင်းစတက်နိုင်ငံများမှ သံတမန်အကြီးအကဲများက အမှာစကားအသီးသီး ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် အဆိုပါပိတ်ပွဲအခမ်းအနားသို့ မတက်ရောက်မီ ဒေသစံတော်ချိန် ၁၀း၀၀ နာရီတွင် ကျင်းပသော "Textiles and Garments" ဖိုရမ်နှင့် "Financial Inclusion, Technology and Regulatory Framework" ဖိုရမ်သို့ တက်ရောက်အားပေးခဲ့ပါသည်။ အဆိုပါ Textiles and Garments ဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် Financial Inclusion, Technology and Regulatory Framework ဖိုရမ်တွင် မြန်မာနိုင်ငံအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူးချုပ် ဒေါ်ချောခင်ခင်တို့က Panelist များအဖြစ် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%

## အယ်နီညိုကြောင့် ကော်ဖီဈေးတက်နိုင်



https://www.foodindustrydirectory.com.mm

အယ်နီညိုကြောင့် ဖြစ်ပေါ်လာသည့် ပူပြင်းလွန်း ခြောက်သွေ့လွန်းသော ရာသီဥတုအခြေအနေများသည် ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ကဲ့သို့သော ကော်ဖီထုတ်လုပ်သောနိုင်ငံများတွင် ရိုဘတ်စတာ robusta ကော်ဖီထုတ်လုပ်မှုကို ထိခိုက်နိုင်သဖြင့် ဈေးနှုန်းများ မြင့်တက်လာနိုင်သည်။

"၂၀၂၃ ခုနှစ် တတိယ ၃ လပတ်တွင် အယ်နီညိုအခြေအနေသို့ အသွင်ကူးပြောင်းမှုသည် ရိုဘတ်စတာကော်ဖီ ထုတ်လုပ်သည့် အဓိကနိုင်ငံများဖြစ်သည့် ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့တွင် အထွက်နှုန်းလျော့ကျနိုင်သည်ဟု အတော်များများက မျှော်လင့်ထားကြသည်" ဟု Fitch Solutions ၏ သုတေသနဌာန BMI မှ ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရိုဘတ်စတာကော်ဖီသည် ခါးသီးသည်။ အရသာပြင်းသည်။ အက်စစ်ဓာတ်မြင့်မားသည်။ ပရီမီယံနှင့် ပိုဈေးကြီးသော အာရေးဗီးကား arabica အမျိုးအစားထက် ကဖိန်းဓာတ် ပိုမိုပါဝင်သည်။ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အဆိုအရ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဘရာဇီးတို့သည် ရိုဘတ်စတာ အများဆုံး ထုတ်လုပ်သည့် နိုင်ငံများဖြစ်သည်။

ဘရာဇီး၏ ရိုဘတ်စတာကော်ဖီသည်လည်း မိုးခေါင်ရေရှားမှုဒဏ်ကို ခံခဲ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရိုဘတ်စတာ ဈေးတက်လျှင် များသောအားဖြင့် ရိုဘတ်စတာ အသုံးများသည့် အသင့်ဖျော်ကော်ဖီနှင့် ကော်ဖီကြမ်းခါးခါး အက်စ်ပရက်ဆို espresso တို့ ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်တက်မည်။

ကမ္ဘာလုံးဆိုင်ရာ ကော်ဖီထုတ်လုပ်မှုတွင် ရိုဘတ်စတာသည် ၄၀ % ရှိပြီး အာရေးဗီးကားသည် ၆၀ % ရှိသည်။ အာရေးဗီးကားသည် အများအားဖြင့် အရည်အသွေးမြင့်မားပြီး ရိုဘတ်စတာကော်ဖီထက် ဈေးနှုန်းပိုမိုမြင့်မားသည်။ အာရေးဗီးကားသည် ဈေးမြင့်သဖြင့် ဈေးသက်သာသည့် ရိုဘတ်စတာကို သုံးကြရသည်ဖြစ်ရာ ရိုဘတ်စတာ ဈေးမြင့်ပါက အသင့်ဖျော်ကော်ဖီထုပ်လည်း ဈေးမြင့်ပြီး ရောင်းအားကျဆင်းနိုင်သည်။

အယ်လ်နီညိုသည် ပုံမှန်အားဖြင့် ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ အပူပိုင်းဒေသများတွင် ပုံမှန်အခြေအနေများထက် ပိုမိုပူပြင်းပြီး ပိုမိုခြောက်သွေ့သော ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်သည်။ ယခုနှစ် အယ်နီညိုသည် ၂၀၂၃ ခုနှစ် ဒုတိယ နှစ်ဝက်တွင် ကျရောက်နိုင်သည်ဟု ရာသီဥတု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြသည်။ "အရှေ့တောင်အာရှတစ်ဝှမ်းမှာ အယ်လ်နီညိုအခြေအနေတွေဟာ ပျမ်းမျှအောက် မိုးရွာသွန်းမှုနှင့် အပူချိန်မြင့်မားမှုတို့ ဖြစ်ပေါ်စေပြီး မိုးနည်းခြင်းနှင့် ပူပြင်းခြင်းတို့သည် ကော်ဖီထုတ်လုပ်မှုကို ကျဆင်းစေပါသည်" ဟု BMI အစီရင်ခံစာမှာ ဖော်ပြထားသည်။

အရှေ့တောင်အာရှတွင် မကြာသေးမီက မေလလယ်တွင် စံချိန်တင်အပူပြင်းသည်ကို ကြုံခဲ့ရသည်။ ယေဘူယျအားဖြင့် ပြောရလျှင် အာရှသည် အာရေးဗီးကားထက် ရိုဘတ်စတာကို ပိုမိုနှစ်သက်ပြီး ရိုဘတ်စတာ ဝယ်လိုအားသည် ပိုမိုမြန်ဆန်သော နှုန်းဖြင့် ကြီးထွားလာနေသည်။ အာရေးဗီးကားသည် အရည်အသွေးမြင့်သော်လည်း ဈေးမြင့်သဖြင့် အသင့်ဖျော်ကော်ဖီ ထုတ်လုပ်သူတို့က ဈေးသက်သာသည့် ရိုဘတ်စတာကိုရွေးချယ်သည်။ သောက်သုံးသူတို့ကလည်း လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးကျဆင်းမှုကြောင့် ဈေးသက်သာသည့် ရိုဘတ်စတာကို ရွေးချယ်ကြသည်။

ငွေကြေးဖောင်းပွမှုကာလတွင် ကုန်ကျစရိတ်သက်သာစေရန် ကော်ဖီထုတ်ကုန်ထုတ်လုပ်သူများနှင့် စားသုံးသူများသည် ဈေးနှုန်းသက်သာရန်အတွက် ရိုဘတ်စတာဖြင့် ဈေးမြင့်သည့် အာရေဗီးကားကို အစားထိုးကြသည်ဟု BMI အစီရင်ခံစာမှာ ဖော်ပြထားသည်။

ရိုဘတ်စတာ အထွက်လျော့ကျနေစဉ် ဝယ်လိုအားမြင့်တက်သဖြင့် ဈေးတက်သည်။ ရိုဘတ်စတာ ကော်ဖီဈေးနှုန်းများသည် မကြာသေးမီက မြင့်တက်လာခဲ့သည်။ မေလကုန်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၂၇၈၃ ဖြစ်လာသည်။ ၁၅ နှစ်တာအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်သည်။ ဇူလိုင်လအတွက် ကြိုပွိုင့်ဈေးနှုန်းမှာ ကန်ဒေါ်လာ ၂၆၀၈ ဖြစ်ပါသည်။ အာရေဗီးကားသည် ဝယ်လိုအား လျော့ကျသဖြင့် ဈေးကျသည်။ ၂၀၁၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးသို့ရောက်ရှိသည်။

**Source: cmbc**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6342-el-nino.html

## ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်အား ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး ကြိုးပမ်းသွားရန် သမ္မတမားကို့စ်မှ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသို့ မှာကြား

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးအား ကမ္ဘာ့အလယ်တွင် အကောင်းဆုံးဖြစ်စေနိုင်ရေးအတွက် ပို့ကုန်ကဏ္ဍအား ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရန် သမ္မတမားကို့စ်မှ ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ၂၀၂၃ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ကမှာကြား ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံမှ ပို့ကုန်တင်ပို့နိုင်ရန်နှင့် သွင်းကုန်တင်သွင်းရန်ဟူသော ပန်းတိုင်ချမှတ်ရုံတင်မဟုတ်ပဲ အခြေခံအားဖြင့် ပြင်ဆင်ရန်လိုအပ်နေသော ဥပဒေများအား ပြင်ဆင်ခြင်းကဲ့သို့သော လုပ်ငန်းစဉ်များကိုလည်း အမြန်ဆုံးပြုပြင် ဆောင်ရွက်သွားရန်မှာလည်းအရေးကြီးပြီး သို့မှသာ ဈေးကွက်ယှဉ်ပြိုင်စွမ်းအား မြင့်မားလာမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနမှ နိုင်ငံတကာကုန်သွယ်မှုဖိုရမ်တွင် ပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် ပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ပို့ကုန်လုပ်ငန်းရှင်များအား နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်း ရှိစေရန်ထောက်ပံ့ပေးသွားရန်နှင့် ကမ္ဘာတစ်ဝှမ်းရှိ ကုန်ပစ္စည်းရောင်းချသူများသာမက စားသုံးသူများဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ကုန်သွယ်မှုသဘောတူညီချက်များအား အောင်မြင်အောင်ဆောင်ရွက်နိုင်ပါက ကုန်သွယ်ရေးခိုင်မာအားကောင်းစေနိုင်မည်ဖြစ်ကြောင်း ထပ်လောင်း ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ကိုရီးယားနိုင်ငံနှင့် မကြာမီ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်အား လက်မှတ်ရေးထိုးသွားရန်ရှိပြီး အီးယူနှင့် အမေရိကန်တို့နှင့်လည်း လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များ လုပ်ဆောင်နိုင်ရေးဆောင်ရွက်နေပါကြောင်း သမ္မတမားကို့စ်မှ ပြောကြားခဲ့ပါသည်။ အကြောင်းမှာ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အဆိုပါနိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်လာစေရန်ရည်ရွယ်ပြီး ပို့ကုန်၊သွင်းကုန် အပြန်အလှန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) တွင် ၂၀၂၃ ခုနှစ် ဇွန်လတွင် အာဏာသက်ဝင်လာခဲ့ပြီး အမျိုးသားပို့ကုန်လုပ်ငန်းစဉ်အတွက် ထူးခြားသောသမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါကြောင်း၊ RCEP တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်ပြီး ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့နိုင်သည့် ဈေးကွက်ချဲ့ထွင်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေးအဆင့်မြှင့်တင်ခြင်းအား အလေးထား ဆောင်ရွက်နိုင်ခဲ့ခြင်း သာမကနိုင်ငံတကာဈေးကွက်များတွင်လည် ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားလာမည်ဖြစ်ကြောင်း သမ္မတမားကို့စ်မှ ထပ်လောင်းပြောကြားခဲ့ပါသည်။ မိမိတို့အနေဖြင့် အရေးပါလှသော ကုန်သွယ်ရေးသဘောတူညီချက်များနှင့် ဦးစားပေးအစီအစဉ်များအား ထိရောက်စွာအသုံးချနိုင်ပါက အီးယူနှင့် အမေရိကန်အပါအဝင် လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသော ဒေသတစ်ခုချင်းစီနှင့်လည်း ကုန်သွယ်မှုဆက်ဆံရေးအား ဆက်လက်ထိန်းသိမ်းသွားရန်လည်း လိုအပ်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် RCEP အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် ပိုမိုကြီးမားသည့် ဈေးကွက်အခွင့်အလမ်းများ၊ ဒေသတွင်းကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် လျှင်မြန်စွာဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

များအား ပိုမိုဆွဲဆောင်လာနိုင်ခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ဒေသတွင်း ကုန်သွယ်မှုတွင်ပါဝင်လာနိုင်ရေး အလွယ်တကူ ဆွဲခေါ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သမ္မတမားကို့စ်မှ ပြောကြား ခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

**Source:** https://www.manilatimes.net/2023/06/15/news/marcos-orders-dti-to-bring-up-gamemake-ph exportcompetitive/1896204?utm_source=izooto&utm_medium=push_ notifications&utm_ campaign=Marcos%20orders%20DTI%20to%20%27bring% 20up% 20game, %27%20make%20PH%20export% 20competitive%20|%20The%20Manila%20Times

**(စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/article/Naypyitawstp_16062023

## ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကာကွယ်ထိန်းသိမ်းရမည့် သစ်များတင်ပို့မှုအပေါ် တားမြစ်ထား

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကျွန်းသစ်၊ ပြုပြင်ထားသော သစ်သား၊ သစ်သားဖြင့် ပြုလုပ်ထားသော ရှေးဟောင်းပစ္စည်းများနှင့် ဖယောင်း (Siamese Rosewood) တင်သွင်းရာတွင် တင်သွင်းခွင့်လက်မှတ် ကိုင်ဆောင်ထားခြင်းမရှိသော ကုန်သည်များအား တင်သွင်းခွင့်တားမြစ်သည့် လုပ်ထုံးလုပ်နည်း ၂ ချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်း လုပ်ထုံးလုပ်နည်း ၂ ချက်တွင် ပထမတစ်ချက်သည် ဇူလိုင်လ ၁၇ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ဒုတိယတစ်ချက်သည် ဩဂုတ်လ ၁၆ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း၊ ကျွန်းသစ်လုံးများကို အကောက်ခွန် စစ်ဆေးရေးဂိတ်များဖြစ်သည့် တက်ခ်၊ ကတ်ချနာ ပူရီနှင့် မဲ့ဟုန်စုံခရိုင်တို့မှ တင်သွင်းခြင်းကို လည်းကောင်း၊ ပြုပြင်ပြီးသစ်များ တင်သွင်းခြင်းကိုမဲ့ဟုန်စုံ စစ်ဆေးရေးဂိတ်မှ တင်သွင်းခြင်းကိုလည်းကောင်း၊ ကမ္ဘောဒီးယားနှင့် လာအိုတို့မှ ဖယောင်းတုံးများ၊ ပြုပြင်ပြီးဖယောင်းများနှင့် ဖယောင်းရှေးဟောင်းပစ္စည်းများ တင်သွင်းခြင်းကိုလည်းကောင်း တားမြစ်ခြင်းဖြစ်ကြောင်း ပြည်ပကုန်သွယ်ရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Ronnarong Phoolpipat က ရှင်းလင်းပြောကြားပါသည်။

သို့သော် ကန့်သတ်ပစ္စည်းစာရင်းတွင် မပါဝင်သည့် ကျွန်းသစ်တုံးများ၊ ပြုပြင်ပြီးသစ်နှင့် သစ်သားဖြင့်ပြုလုပ်ထားသော ရှေးဟောင်းပစ္စည်းများကို ပင်ရင်းဒေသသက်သေခံလက်မှတ် သို့မဟုတ် တင်ပို့ခွင့်အထောက်အထားများပြသ၍ တင်သွင်း နိုင်ကြောင်း၊ ဖယောင်းတုံးများအပါအဝင် ဖယောင်းပစ္စည်းများ အားလုံးကို တင်ပို့ခွင့်တားမြစ်ထားပါကြောင်း၊ ကျွန်းသစ်လုံးများ၊ ပြုပြင်ပြီးသစ်များ၊ တားမြစ်စာရင်းတွင် မပါဝင်သောပစ္စည်းများကို တင်ပို့နိုင်ကြောင်း၊ သစ်သားဖြင့် ပြုလုပ်ထားသော ရှေးဟောင်းပစ္စည်းများ၊ ပို့ကုန်အဖြစ်ရည်ရွယ်သည့် မီးသွေးများနှင့် ရော်ဘာသစ်များကို ခွင့်ပြုချက်နှင့်အညီ တင်ပို့နိုင်ကြောင်း ဆက်လက်ရှင်းလင်းပါသည်။

ပို့ကုန်ခွင့်ပြုချက်များအတွက် တော်ဝင်သစ်တောဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ယခင်နှစ်က ထိုင်းနိုင်ငံ၏ သစ်နှင့် သစ်တောထွက် ပစ္စည်းတင်ပို့မှုမှာ ဘတ် ၁၀၄ ဘီလီယံဖြစ်ကြောင်း၊ ယခုနှစ် ၄ လပတ်အတွင်း ဘတ် ၃၆.၄ ဘီလီယံတင်ပို့ပြီးဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအား ကိုးကား၍ Mr. Rannaron က ပြောကြားခဲ့ပါသည်။

**Source:** www.bangkokpost.gov

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_150620230410

## ဇန်နဝါရီလမှ မေလအထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာမြင့်တက်ခဲ့

ဇန်နဝါရီလမှမေလအထိ တရုတ်ပြည်မကြီးအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ်ကာလတူထက် ၀.၁ ရာခိုင်နှုန်း၊ ၅၇၄.၈၁ ဘီလီယံယွမ် (အမေရိကန်ဒေါ်လာ ၈၀.၁၆ ဘီလီယံခန့်) အနည်းငယ်သာ မြင့်တက်ခဲ့ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရှိရပါသည်။

အမေရိကန်ဒေါ်လာဖြင့် ဖော်ပြချက်အရ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်သည့်အနေအထားမှာ နှစ်အစပိုင်း ကာလနှင့်နှိုင်းယှဉ်ပါက ၅.၆ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာအားဖြင့် ၇၃.၅ ဘီလီယံဖြစ်ကြောင်း သိရှိရပါသည်။ နိုင်ငံတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ပထမငါးလတွင်း ကာလတူနှိုင်းယှဉ်ပါက ၅.၉ ရာခိုင်နှုန်း၊ ၁၄၇.၀၈ ဘီလီယံယွမ် မြင့်တက်ခဲ့ပြီး အဆင့်မြင့်နည်းပညာ အသုံးပြုထုတ်လုပ်သည့် လုပ်ငန်းများ၌ ကာလတူ အတွင်း ၇.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဝန်ကြီးဌာန၏ ဖော်ပြသည့် အချက်အလက်များအရ သိရှိရပါသည်။

အထူးသဖြင့် အဆင့်မြင့်နည်းပညာ အသုံးပြုထုတ်လုပ်သည့်ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် ကာလတူနှိုင်းယှဉ်ပါက ၃၀.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အဆင့်မြင့်နည်းပညာ ဝန်ဆောင်မှုကဏ္ဍမှာ ၁.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ပြင်သစ်၊ ယူနိုက်တက်ကင်းဒမ်း၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများမှာ ကာလတူနှိုင်းယှဉ်ချက်အရ ၄၂၉.၇၊ ၁၇၉.၂၊ ၁၇၀.၁ နှင့် ၆၃.၃ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

**Source:** FDI sees small jump from Jan–May – Chinadaily.com.cn

**စီးပွားရေးသံမှူး၊ ပေကျင်းမြို့**

https://myantrade.gov.mm/article/Naypyitawstp_160620231005

## ပြည်ပပို့ကုန် ဆန်/ဆန်ကွဲများဖြင့် ပို့ကုန်ရငွေ ပိုမိုရရှိစေရေး လုပ်ဆောင်နေ

ပြည်ပပို့ကုန်ဆန်များ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီရန်လိုအပ်သလို ပြည်တွင်း၌လည်း Food Safety အရည်အသွေးမီသော ဆန်များရရှိစေရန် လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဇွန်လ (၁၄) ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်တွင် ပြည်ပနိုင်ငံများသို့ ဆန်/ဆန်ကွဲ တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် Sanitary and Phytosanitary SPS Protocol ဆိုင်ရာ လုပ်ငန်းစဉ်များဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ "ဆန်တင်ပို့ရာမှာ မိမိတို့ရဲ့ ကုန်သွယ်ဖက် ပြည်ပနိုင်ငံတွေက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း၊ လိုက်နာရန်အချက်များကို သိရှိစေဖို့ သတ်မှတ်ချက်များနဲ့ကိုက်ညီတဲ့ ဆန်/ဆန်ကွဲ တွေကို ပြည်ပသို့တင်ပို့ခြင်းဖြင့် ပို့ကုန်ဝင်ငွေရရှိဖို့မို့သလို ပြည်တွင်းမှာလည်း Food Safety အရည်အသွေးမီသော ဆန်များရရှိစေဖို့အတွက် ယနေ့ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောကြားခဲ့သည်။

ဆန်/စပါး လုပ်ငန်းရှင်များနှင့် စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများ၌ တာဝန်ယူမည့်သူများအနေဖြင့် ဆန်များကို စနစ်တကျ သိုလှောင်ထားရှိရန်နှင့် ၎င်းတို့အနေဖြင့် ပြည်ပသို့တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ပြန်လည်မျှဝေ ပေးစေလိုကြောင်းလည်း ဦးရဲမင်းအောင်က ပြောသည်။

ယင်းဆွေးနွေးပွဲတွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေးဆိုင်ရာ နည်းလမ်းများအတွက် ဦးဆောင်သော အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ၏ နယ်စပ်စစ်ဆေးရေးစခန်း (၁၆)ခု၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေး ဌာနစု၏ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ဆွေးနွေးခဲ့ကြသည်။

ယင်းအပြင် မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာသို့ ဆန်/ဆန်ကွဲတင်ပို့ရာတွင် ကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ရမည့် သိုလှောင်ရုံတွင် ကုန်ပစ္စည်းသိုလှောင်ထားရှိမှု စိစစ်ခြင်းနှင့် Pre-shipment inspection (PSI) Certificate လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြကြောင်းလည်း သိရသည်။

**Source: Popular News Journal**

## အခေါက်ရွှေဈေး ကျပ် ၃၁ သိန်းကျော် မြင့်တက်

ပြည်တွင်းအခေါက်ရွှေဈေး ဖွန်လအတွင်း ဆက်တိုက်မြင့်တက်လာနေပြီး တစ်ကျပ်သားလျှင် ကျပ် ၃၁ သိန်း ကျော်အထိ ဈေးမြင့်တက်နေကြောင်း သိရသည်။

၁၆ ပဲရည် (အကယ်ဒမီ) အခေါက်ရွှေဈေး ဖွန် ၁၅ ရက် ပြင်ပဈေးကွက်တွင် တစ်ကျပ်သားဝယ်ဈေး ကျပ် ၃၁၂၃၀၀၀၊ ရောင်းဈေးကျပ် ၃၁၂၈၀၀၀ ဝန်းကျင်ဖြင့် ဈေးမြင့်တက်နေပြီး ဈေးကွက်အတွင်းကြိုက် ရောင်းကြိုက်ဝယ် အနေအထားဖြင့် အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးမှာ တစ်ထရိုင်အောင်စလျှင် ဖွန် ၁၅ ရက် ဈေးကွက်ပိတ်ချိန် ၁၉၃၃ ဒေါ်လာအထိ မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးစံချိန်တင် လိုက်ပါမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာ ဖွန် ၁၅ ရက် ပြင်ပဈေးကွက်တွင် တစ်ဒေါ်လာလဲနှုန်း ဝယ်ဈေး ကျပ် ၂၉၇၀၊ ရောင်းဈေး ၂၉၈၅ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်းသိရသည်။

**Source:** https://t.me/sdtimedaily

## အသစ်ဝင်နှမ်းများ ဈေးမြင့်တက်နေပြီး လက်ကျန်နည်းလာသည့် မြေပဲဆန်ဈေးမြင့်တက်လာ

အသစ်ဝင်နှမ်းမျိုးစုံ ဈေးမြင့်တက်နေပြီး ပြည်တွင်းလက်ကျန်နည်းလာသည့် မြေပဲဆန်မှာ ဈေးပြန်မြင့်တက်၊ အရောင်းအဝယ်သွက်နေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

စံချိန်တင်ဈေးမြင့်တက်နေသည့် ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံ မှာ အတက်ဈေးရပ်တန့်သွားပြီး ပုံမှန်သာ အရောင်းအဝယ်ရှိနေသည်။ လက်ရှိ ပဲနှမ်းဈေးကွက်တွင် တရုတ်လိုင်းတင်ပို့ရန် အဝယ်ရှိနေတာကြောင့် အသစ်ဝင်နှမ်းမျိုးစုံနှင့် လက်ကျန်နည်းလာသည့် မြေပဲဆန်မှာ ခပ်သွက်သွက် အရောင်းအဝယ်ဖြစ်နေသည်။

မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးပြန်ကျဆင်းသွားကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အရောင်းထိန်းနေတာကြောင့် ဈေးရပ်တန့်နေကြောင်း၊ အသစ်ဝင်နှမ်းမျိုးစုံမှာ အထွက်နှုန်းနည်းပါးခြင်း၊ စိုက်ခင်းများပျက်စီးမှုရှိခြင်းတို့ကြောင့် နှမ်းပေါက်ဈေးမှာ ပြန်လည်မြင့်တက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ မှ ၃၅၀၀၀၀ အထိ အရည်အသွေးလိုက် ဈေးကောင်းရရှိလာကြောင်း ပြည်တွင်း လက်ကျန်နည်းလာသည့် မြေပဲဆန်မှာလည်း ဆီစက်ပိုင်များ ဝယ်ယူမှုနှင့် တရုတ်လိုင်းအဝယ် ကောင်းနေတာကြောင့် တစ်ပိဿာ ငွေကျပ် ၈၅၀၀မှ ၈၇၀၀ အထိ ပေါက်ဈေးဖြစ်လာကြောင်း ကိုဇင်မင်းဦး (တက်နေလင်း) ပွဲရုံက ပြောသည်။ "မတ်ပဲနဲ့ပဲစင်းငုံကတော့ ဈေးပြန်အေးသွားပါတယ်။ ကုလားပဲလှောင်လက်သမားတွေ အရောင်းထွက်ပေမယ့် ရန်ကုန်အဝယ်သမားတွေ ဈေးသိပ်မလိုက်နိုင်လို့ အရောင်းအဝယ် ခပ်အေးအေးသာရှိပါတယ်။ ကုလားပဲက လက်ကျန်နည်းလာတော့ တဖြည်းဖြည်းသာ ထုတ်ရောင်းနေတာပါ။ လက်ရှိမှာ နှမ်းမျိုးစုံ အသစ်ဝင်နေတော့ တရုတ်အဝယ်သမားတွေက ပစ္စည်းဝင်သလောက် အဝယ်ကောင်းနေတာပါ။ မြေပဲဆန်ကလည်း နယ်စပ်က တင်ပို့မှုမရှိပေမယ့် ပင်လယ်ရေလမ်းကြောင်းက တင်ပို့နေလို့ ဈေးပြန်လည်မြင့်တက်လာပါတယ်"ဟု ၎င်းကပြောသည်။

ဖွန် ၁၅ ရက်တွင် မတ်ပဲ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ပဲစင်းငုံ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးသာရှိကြောင်း၊ ပြည်တွင်းသုံးပဲမာလိုင်းများဖြစ်သည့် ပဲကြီး၊ ပဲထောပတ်၊ မြေထောက်ပဲ၊ ကွန်းစားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင် ပေါက်ဈေးများအရ သိရသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဇွန် ၁၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၃၄၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀၊ 929 ကုလားပဲတစ် အိတ်လျှင် ငွေကျပ် ၂၆၄၀၀၀ ပေါက်ဈေးဖြစ်လာပြီး ပြည်တွင်း သုံးပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပဲထောပတ်တစ်အိတ် ငွေကျပ် ၂၈၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ မြေပဲ အနီ လုံးဆန် တစ်ပိဿာ ငွေကျပ် ၈၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အသစ်ဝင် နှမ်းမျိုးစုံဈေးကွက်မှာ ဈေးမြင့်တက် အဝယ်လိုက်လာရာ နှမ်းဖြူ ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၇၃၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းဝါ (အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (16.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,860 (Shares) | 3,376,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 7,900 | 68 | 539,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 28 | 81,300 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | -100 | -1.37% | 7,300 | 7,300 | 7,200 | 12 | 86,600 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,500 | 1,500 | 1,500 | 1,710 | 2,565,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +100 | +4.17% | 2,500 | 2,500 | 2,500 | 29 | 72,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | +50 | +2.04% | 2,500 | 2,500 | 2,500 | 13 | 32,500 | 19,977,223 | 49,943 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 16th Jun. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.27 | +0.44 | +0.12% | 357.56 | 358.13 | 355.40 | 1,860 | 3,376,900 | 7 | 629,547 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 1,860 (Shares) | 3,376,900 (MMK) |

### Main Board

As of 1:00 pm, 16th Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,860 (Shares) | 3,376,900 (MMK) |

| MYANPIX | 357.27 ▲ 0.44 |
|---|---|
| Total Volume (shares) | 1,860 |
| Total Value (MMK) | 3 mil |
| Listed Company | 7 |
| Market Cap. (MMK) | 629,547 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,200 | ▼ 100 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,500 | ▲ 100 |
| EFR | 00006 | 2,500 | ▲ 50 |
| AMATA | 00007 | 4,800 | ▲ 0 |

TIR